


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# မြန်မာ့စိုက်ပျိုးရေးကဏ္ဍအတွက် မဟာဗျူဟာ ဦးတည်ချက်များ ၂၀၁၈-၂၀၂၃

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF AGRICULTURE, LIVESTOCK AND IRRIGATION

# STRATEGIC DIRECTIONS FOR MYANMAR AGRICULTURE SECTOR 2018–2023

# နိဒါန်း

**မြန်မာနိုင်ငံ၏ လယ်ယာ၊ သားငါး၊ ကျေးလက်ကဏ္ဍစုံအတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ။** မြန်မာနိုင်ငံ၏ လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာသည် အလွန်ပင်ကြီးမားပါသည်။ ဆယ်စုနှစ်ပေါင်းများစွာ တံခါးပိတ်မူဝါဒကျင့်သုံးခဲ့ ပြီးနောက် မြန်မာနိုင်ငံသည် ကမ္ဘာ့စီးပွားရေးတွင် တက်ကြွစွာ ပြန်လည်ပေါင်းစည်းဝင်ရောက်လျက်ရှိပါသည်။ နိုင်ငံ၏အခြေခံသဘာဝ သယံဇာတအရင်းအမြစ်ကြွယ်ဝမှု၊ လုပ်သားပေါများမှုနှင့် မဟာဗျူဟာကျတည်ရှိနေမှုတို့က မြန်မာနိုင်ငံအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် ဆွဲဆောင်မှုရှိသော နေရာတစ်ခု ဖြစ်လာစေခဲ့ပါသည်။ အရှေ့တောင်အာရှရှိ အခြားသောနိုင်ငံများနှင့် တရုတ်နိုင်ငံတို့တွင် စီးပွားရေး အသွင်ကူးပြောင်းမှုများ တွေ့ကြုံခဲ့ပြီး ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍနှင့် ကျေးလက်စီးပွားရေးသည်ကြီးမားသည့်စီးပွားရေးအကျိုးအမြတ်များကို ရရှိစေမည့် ပြုပြင်ပြောင်းလဲမှုများကို လျှင်မြန်စွာ တုံ့ပြန်နိုင်ဖွယ်ရှိပါသည်။ စိုက်ပျိုးရေးနှင့် သဘာဝ သယံဇာတ ကဏ္ဍတွင် ထုတ်လုပ်မှုနှင့် ကုန်ထုတ်စွမ်းအား တိုးတက်မှု အလားအလာများ အလွန်ကြီးမားနေသော်လည်း တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံသည် ကြီးမားသည့် စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နေရပါသည်။ ဥပမာ- ကျေးလက် အခြေခံအဆောက်အအုံ နည်းပါးခြင်း၊ မြေယာပြဿနာများ ဖြေရှင်းရန်ရှိခြင်း၊ စိုက်ပျိုးရေး ထုတ်ကုန်စွမ်းအားနှင့် စိုက်ပျိုးစားသောက်ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်း နည်းပါးနေခြင်းတို့ ဖြစ်ပါသည်။ မကြာသေးမီကမှ ပေါင်းစပ်ဖွဲ့စည်းလိုက်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန အသစ်တွင်လည်း အရင်းအမြစ်များ နည်းပါးနေခြင်းကြောင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တစ်ခု ပံ့ပိုးရာတွင် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၌ ပိုမိုထိရောက်သော ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**ဦးတည်ချက်အသစ်များ။** ၂၀၁၆ခုနှစ်တွင် သီးခြားဝန်ကြီးဌာနသုံးခု (စိုက်ပျိုးရေးနှင့် ဆည်မြောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမ)အား ပေါင်းစပ်ကာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမို ပေါင်းစည်းမှုရှိပြီးဘက်စုံလွှမ်းခြုံသည့် နည်းလမ်းဖြင့် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (စိုက်၊မွေး၊ဆည်ဝန်ကြီးဌာန) အဖြစ် ဖွဲ့စည်းခဲ့ပါသည်။ ဤသို့ ပေါင်းစပ်ဖွဲ့စည်းလိုက်သောကြောင့် ဝန်ကြီးဌာနအသစ်၏ ဖွဲ့စည်းပုံကို ပြန်လည်ဖွဲ့စည်းရန်၊ ဖွဲ့စည်းမှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုတို့ကို ရိုးရှင်းလွယ်ကူထိရောက်စွာ လုပ်ဆောင်ရန် အရေးတကြီးလိုအပ်လာပါသည်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုထိရောက်စွာ လမ်းညွှန်ထိန်းကျောင်းပေးနိုင်ရန် ယခင်က ဝန်ကြီးဌာနများ၏ မူဝါဒများ၊ စီမံကိန်းများနှင့် အစီအစဉ်များကို တစ်ပြေးညီ တစ်သမတ်တည်းဖြစ်အောင် ဆောင်ရွက်ရန်လည်းများစွာ ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါသည်။ ဤသို့သော အခြေအနေများကို တုံ့ပြန်သောအားဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မူဝါဒ (၂၀၁၆) ကို အခြေပြုသောအားဖြင့် လည်းကောင်း စိုက်၊ မွေး၊ ဆည် ဝန်ကြီး ဌာနသည် "စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့" ၏ ကူညီ ပံ့ပိုးမှုဖြင့် ငါးနှစ်တာကာလစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) နှင့် ယင်းနှင့်ဆက်နွယ်သော ရင်းနှီးမြှုပ်နှံမှု စီမံကိန်း (IP) တစ်ရပ်ကို ရေးဆွဲခဲ့ပါသည်။

**တူညီသော မဟာဗျူဟာနှင့် စီမံကိန်း။** စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတို့ကို ရေးဆွဲခဲ့သည့်လုပ်ငန်းစဉ်သည် အစိုးရမှဦးဆောင်ကာ တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်သော လုပ်ငန်းစဉ်

ဖြစ်ပြီး လယ်သမားအဖွဲ့များ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ ကဲ့သို့သော ဆက်စပ်ပတ်သက်သူများလည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ကာလတို၊ ကာလလတ်နှင့် ကာလရှည်အတွက်ဦးစားပေး ကိစ္စရပ်များကို ရှင်းရှင်းလင်းလင်း သတ်မှတ်ရန် ရည်ရွယ်လျက် မဟာဗျူဟာကို ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ စိုက်ပျိုးရေး မူဝါဒ၏ လမ်းညွှန်မှုအတိုင်း ADS တွင် ရင်းနှီးမြှုပ်နှံမှုအတွက် ဦးစားပေးရမည့် နယ်ပယ်များကို သတ်မှတ် ဖော်ထုတ်ပေး ထားပါသည်။

**စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ADSနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ရေးဆွဲရခြင်း ကျိုးကြောင်းဖော်ပြချက်။** ADS နှင့် IP တို့မှ အောက်ပါတို့ကို ရရှိစေမည်ဖြစ်ပါသည် -

- စိုက်ပျိုးရေးမူဝါဒအား အကောင်အထည်ဖော်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းနှင့် ချိတ်ဆက်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်နိုင်မည့် နည်းလမ်းတစ်ခု၊
- ဆက်စပ် ပတ်သက်သူအမျိုးမျိုး ရေးဆွဲထားသည့် အမျိုးမျိုး သော စီမံကိန်းများ၊ မဟာဗျူဟာများ၊ လမ်းပြမြေပုံများ နှင့် ချဉ်းကပ်နည်း များကို စုစည်းပေါင်းစပ်ထားခြင်း၊
- လုပ်ဆောင်ချက် (Activities)များ၊ အစီအစဉ်များ (Programmes) စီမံချက်များ (Projects)၊ နှင့် မူဝါဒများ (Policies) ကို ပေါင်းစပ် ညှိနှိုင်းပေးမည့် အစွမ်းထက်သော အထောက်အကူ နည်းလမ်းတစ်ခု၊
- ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိက ကဏ္ဍတို့နှင့် ဆွေးနွေးဖလှယ်မှုကို ပံ့ပိုးကူညီပေးမည့် ယန္တရားတစ်ခုနှင့်
- စိုက်ပျိုးရေးအတွက် နိုင်ငံခြားကူညီထောက်ပံ့မှုများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ကို သဟဇာတဖြစ်စေမည့်လုပ်ထုံး လုပ်နည်းယန္တရား တစ်ခုတို့ ဖြစ်ပါသည်။

**အဓိကကျသော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ။** ADS နှင့် IP ကို ရေးဆွဲရာတွင် အောက်ပါကိစ္စရပ်များကို ခွဲခြမ်းစိတ်ဖြာ ဆန်းစစ် မှုများအား အခြေခံကာ ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည် -

- တစ်နိုင်တစ်ပိုင်ဝမ်းစာဖူလုံရေး စိုက်ပျိုးမှုမှ စီးပွားဖြစ်စိုက်ပျိုးရေးသို့ ကူးပြောင်းမှု၊
- စားသောက်ကုန်များ ဘေးကင်းမှုနှင့် စားနပ်ရိက္ခာနှင့်အာဟာရပြည့်ဝဖူလုံရေး
- ကုန်ကြမ်းပစ္စည်းများမှ တန်ဖိုးမြှင့် ပြုပြင်စီမံထားသည့် ထုတ်ကုန်များသို့ ကူးပြောင်းမှု၊
- အလုပ်အကိုင်ရရှိရေးနှင့် ဝင်ငွေဖန်တီးရေး
- သီးနှံအမည်စုံ တိုးချဲ့စိုက်ပျိုးမှု လိုအပ်ချက်နှင့် စိုက်ပျိုးရေးကဏ္ဍနှင့် အခြားကဏ္ဍများ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက် ရန် လိုအပ်မှု၊
- မြေအသုံးချပိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်၊ ကျေးလက်ငွေကြေးဝန်ဆောင်မှု၊ သုတေသနနှင့် တိုးချဲ့ပညာပေး ဝန်ဆောင်မှု၊ ကြီးကြပ်ကွပ်ကဲ ခြင်းနှင့် စိစစ်အကဲဖြတ်ခြင်း၊
- အခြေခံအဆောက်အအုံ၊ လုပ်ငန်းဆောင်ရွက်မှုနှင့် ပြုပြင်ထိန်းထိန်းခြင်း။

**မူဝါဒနှင့် ဥပဒေမူဘောင်များ။** မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးမူဝါဒနှင့် စီမံကိန်းများအား စီးပွားရေးနှင့် လူမှုရေး ပြုပြင် ပြောင်းလဲမှုမူဘောင်၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ၂၀၁၆ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အမျိုးသား ပို့ကုန် မဟာဗျူဟာတို့ စသည့်တို့ပါဝင်သည့် မူဘောင်များအတွင်းမှ ရေးဆွဲခြင်းဖြစ်ပါသည်။ ထိုမူဘောင် တစ်ခုချင်းစီ သည် စိုက်ပျိုးရေးအတွက် သီးသန့်မဟုတ်သည့် ယေဘုယျကိစ္စရပ်များကို ကိုင်တွယ် ဖြေရှင်းထားခြင်း ဖြစ်သော်လည်း စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသောအချက်များ ပါဝင်ပါသည်။ လွန်ခဲ့သော နှစ်နှစ်အတွင်းတွင် စိုက်ပျိုးရေးနှင့်ဆက်နွယ်သော မဟာဗျူဟာနှင့် စီမံကိန်းအချို့ကိုရေးဆွဲခဲ့ရာ အောက်ပါတို့ ပါဝင်ပါသည် - ၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ အထိ ငါးနှစ်စီမံကိန်း(Five Year Plan 2016-2017 to 2020-2021)၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများ မူဘောင် (the Framework for Economic and Social Reforms)၊ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးဆိုင်ရာ မြန်မာနိုင်ငံ အမျိုးသားလုပ်ငန်းစီမံချက် (the National Comprehensive Development Plan)၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေးမဟာဗျူဟာ (Myanmar Climate

Smart Agriculture Strategy)၊ မြန်မာနိုင်ငံဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (Myanmar Rice Sector Development Strategy)၊ ဆန်စပါးတစ်မျိုးတည်းမှ အမည်စုံ စားနပ်ရိက္ခာဖူလုံရေး စက္ကူဖြူစာတမ်း (White Paper from Rice Bowl to Food Basket)၊ ဟင်းသီးဟင်းရွက်များဆိုင်ရာ စက္ကူဖြူစာတမ်း၊ (White Paper on Vegetables)၊ အစားအစာတန်ဖိုးကွင်းဆက် လမ်းပြမြေပုံ ( Food Value Chain Road Map)၊ လယ်ယာ၊ သားငါးကဏ္ဍ၌ အားသွန်ခွန်စိုက် ဘက်စုံပေါင်းစပ်စိုက်ပျိုးခြင်း (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ) (အပြီးသတ်အစီရင်ခံစာ ၂၀၁၆၊ JICA) (Intensive agriculture promotion program in the Republic of the Union of Myanmar (Final report, 2016, JICA))၊ နှင့် စိုက်ပျိုးရေးမူဝါဒ (၂၀၁၆၊ အောက်တိုဘာ) (Agricultural Policy (October 2016)) တို့ ဖြစ်ပါသည်။ စိုက်ပျိုးရေးမူဝါဒ (၂၀၁၆) သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ နောက်ဆုံးထွက်ရှိသော လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒဖော်ပြချက်ဖြစ်ပြီး ယင်းအပေါ်တွင် အခြေခံကာ ADS နှင့် IP ကို ရေးဆွဲထားခြင်းဖြစ်ပါသည်။ ၂၀၁၇ခုနှစ်တွင် မြန်မာ့စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ပြည်သူ့အသုံးစရိတ် ပြန်လည်ဆန်းစစ်မှု (Public Expenditure Review – PER) အား ကမ္ဘာ့ဘဏ်မှ ဆောင်ရွက်ခဲ့ပြီး LIFT မှ ကူညီပံ့ပိုးခဲ့ပါသည်။ အဆိုပါ PER သည် စိုက်ပျိုးရေးကဏ္ဍကို လမ်းညွှန် ထိန်းကျောင်းမည့် ကာလလယ်အသုံးစရိတ် မူဘောင်အတွက် အသုံးပြုနိုင်မည့် ပြည်သူ့အသုံးစရိတ် ဆန်းစစ်ချက်များနှင့် လုပ်ဆောင်သင့်သည့် အချက်များ ကို ရရှိစေပါသည်။

# စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီး မြှုပ်နှံမှု အစီအစဉ် ဆောင်ရွက်ဆဲ မူကြမ်းအကျဉ်းချုပ်

## (က) အခြေခံမူ၁၂ချက်

အခြေခံမူ ၁၂ ချက်ကို လက်ကိုင်ပြု၍ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ ADS ကို ရေးဆွဲခဲ့ပြီး ယင်း၏ အသေးစိတ် စီမံကိန်းရေးဆွဲမှု၊ အကောင်အထည်ဖော် ဆောင်ရွက်မှု၊ စောင့်ကြည့်လေ့လာမှုနှင့် ပြန်လည်သုံးသပ် အကဲဖြတ်မှု တို့တွင်လည်း ထိုအခြေခံမူများကို လမ်းညွှန် အဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။ ထိုအခြေခံမူများမှာ

၁။ ပုဂ္ဂလိကနှင့် အစိုးရတို့၏ အခန်းကဏ္ဍကို ရှင်းလင်းစွာ အဓိပ္ပါယ်သတ်မှတ်နိုင်ရေး

၂။ လုပ်ကွက်ငယ်တောင်သူများ၏ အခွင့်အရေးနှင့် ၎င်းတို့၏ အာဘော်များ ဖော်ထုတ်ခွင့်ရရှိစေရေး

၃။ လုပ်ကွက်ငယ်တောင်သူများနှင့် အသေးစား၊အလတ်စား စီပွားရေးလုပ်ငန်းများကို အလေးထားရေး

၄။ စားနပ်ရိက္ခာနှင့်အာဟာရပြည့်ဝဖူလုံမှုကို အလေးထားရေး

၅။ အားလုံးအတူပူးပေါင်းပါဝင်နိုင်စေရေး

၆။ ပွင့်လင်းမြင်သာမှုရှိစေရေး၊ ပါဝင်ဆောင်ရွက်ခွင့်ရှိရေး၊ တာဝန်ယူမှု၊တာဝန်ခံမှု ရှိစေရေး

၇။ သဘာဝပါတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး

၈။ လယ်ယာ၊ သား၊ ငါးကဏ္ဍ၊ လယ်ယာကဏ္ဍခွဲများအချင်းချင်းအကြားနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ နှင့် လယ်ယာ အခြေခံစားသောက်ကုန် ကဏ္ဍတို့အကြား ပိုမိုချိတ်ဆက် နိုင်စွမ်းတည်ဆောက်ရေး

၉။ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မူဝါဒများ ချမှတ်ရေးနှင့် အကောင်အထည်ဖော်ရေး လုပ်ငန်းများ ပိုမိုတိုးတက် ကောင်းမွန်လာစေရေး

၁၀။ မူဝါဒများအား ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဖွဲ့အစည်းများ၊ လုပ်ငန်းဆောင်ရွက်ပုံများအား အားဖြည့် ပေါင်းစည်းပေးရေး

၁၁။ မူဝါဒကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကျိုးသက်ရောက်မှုရှိစေရေး အတွက် စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်း အားဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု များ တိုးတက်လာစေရေး

၁၂။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆိုင်ရာ စီမံကိန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ညီညွတ်မျှတခြင်း စသည်တို့ဖြစ်ပါသည်။

## (ခ) စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ ADS ၏ အနာဂတ်လားရာ မျှော်မှန်းချက်

စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ ADS၏ အနာဂတ်လားရာ မျှော်မှန်းချက်မှာ၂၀၁၆ခုနှစ် လယ်ယာကဏ္ဍမူဝါဒနှင့်အညီ "အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာ ကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာ ဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန် နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်" ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## (ဂ) မဟာဗျူဟာမူဘောင်

အခြေခံအုတ်မြစ်များနှင့် မဏ္ဍိုင်များ တည်ဆောက်ခြင်း - စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ ADS သည် ယင်း၏ အနာဂတ်မျှော်မှန်းချက် ပြည့်မီစေရန်အလို့ငှာ စိုက်ပျိုးရေးကဏ္ဍ၏ တိုးတက်မှုကို ၁) ကောင်းမွန်သော စီမံအုပ်ချုပ်မှု ၂) ကုန်ထုတ်စွမ်းအား ၃) ယှဉ်ပြိုင်နိုင်စွမ်းအားရှိမှု စသည့် မဟာဗျူဟာမဏ္ဍိုင်(၃)ရပ်ဖြင့် အရှိန်အဟုန်မြင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ADSသည် အားလုံးပါဝင်ဆောင်ရွက်နိုင်မှု (လူမှုရေးနှင့် ပထဝီဝင် အနေအထားတို့အရ)၊ ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေမှု၊ ပုဂ္ဂလိကကဏ္ဍနှင့် လယ်သမားအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်မှု၊ ဈေးကွက် အခြေခံအဆောက်အအုံ၊သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အခြေခံအဆောက်အအုံ၊ စွမ်းအင် အခြေခံအဆောက်အအုံတို့နှင့် ချိတ်ဆက်မှုတို့ကို အားပေးမြှင့်တင်သွားရန် ရည်ရွယ်ပါသည်။ အဆိုပါမဟာဗျူဟာမဏ္ဍိုင်သုံးခုကို အစိုးရ၊ လယ်သမားများနှင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများကြား ပူးပေါင်း ဆောင်ရွက်မှုအခြေခံအုတ်မြစ်ပေါ်တွင် တည်ဆောက်ရမည်ဖြစ်ပါသည်။

ပုံ ၁ - ADS ၏ မဟာဗျူဟာမူဘောင်




**ရလဒ်များ။** အားလုံးပါဝင်ဆောင်ရွက်နိုင်သော၊ စဉ်ဆက်မပြတ်သော၊ ကဏ္ဍပေါင်းစုံပါဝင်သော၊ ချိတ်ဆက်မှုများကို အခြေခံသော ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်ခြင်းဖြင့် စားနပ်ရိက္ခာနှင့်အာဟာရဖူလုံမှု၊ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း၊ ကျေးလက်အိမ်ထောင်စု များရှိ လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ ဝင်ငွေမြင့်မားလာမှု၊ စိုက်ပျိုးရေး ကုန်သွယ်မှုများ၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် လယ်သမားများ၏ ရပိုင်ခွင့်များ ပိုမိုခိုင်မာလာခြင်းတို့ ရရှိလာမည်ဟု မျှော်မှန်းထားပါသည်။ ပုံ ၁ တွင် ADS ၏ မဟာဗျူဟာမူဘောင်ကို ပုံဖြင့် ဖော်ပြထားပါသည်။

**အကျိုးသက်ရောက်မှုများ(Impact)။** စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာADS ၏ အကျိုးသက်ရောက်မှုများတွင် ကဏ္ဍငါးခု ပါဝင်ပါသည် - (၁) စားနပ်ရိက္ခာနှင့် အာဟာရ ဖူလုံမှု တိုးတက်လာခြင်း၊ (၂) ဆင်းရဲနွမ်းပါးမှုလျော့ချခြင်း၊ (၃) လုပ်ကွက်ငယ် တောင်သူလယ်သမားများနှင့် ကျေးလက်အိမ်ထောင်စုများ၏ ဝင်ငွေ ပိုမိုမြင့်မားလာခြင်းနှင့် သာတူညီမျှ ပိုရှိလာခြင်း၊ (၄) စိုက်ပျိုးရေးကဏ္ဍ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာမှုနှင့် (၅) လယ်သမားများ၏ ရပိုင်ခွင့်များ ပိုမိုခိုင်မာ လာစေမှုတို့ ဖြစ်ပါသည်။

## (ဃ)ထပ်ဆင့်ရလဒ်များ၊ ချက်ချင်းရလဒ်များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ

ADS ၏ ထပ်ဆင့်ရလဒ်များ (outcomes) ။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာADS တွင် ကောင်းမွန်သော စီမံအုပ်ချုပ်ရေး လုပ်ငန်းစဉ်၊ ကုန်ထုတ်စွမ်းအား၊ ယှဉ်ပြိုင်နိုင်စွမ်းအားဟူသည့် မဟာဗျူဟာမဏ္ဍိုင်သုံးခုနှင့် အသီးသီး ဆက်စပ်နေသည့် အဓိကထပ်ဆင့်ရလဒ် သုံးခုရှိပါသည်။

ထပ်ဆင့်ရလဒ် ၁ – စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ရှိသောအဖွဲ့အစည်းများ၏ ကောင်းမွန်သော စီမံအုပ်ချုပ်ရေး လုပ်ငန်းစဉ် နှင့် စွမ်းဆောင်ရည် မြင့်မားလာခြင်း၊

ထပ်ဆင့်ရလဒ် ၂ – ကုန်ထုတ်စွမ်းအားနှင့် လယ်သမားများ၏ ဝင်ငွေ တိုးတက်လာခြင်း

ထပ်ဆင့်ရလဒ် ၃ – ဈေးကွက်ချိတ်ဆက်မှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားများ တိုးတက်လာခြင်း

**ချက်ချင်းရလဒ်များ (Outputs)။** စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ ADS၏ ကောင်းမွန်သောစီမံအုပ်ချုပ်ရေး လုပ်ငန်းစဉ်၊ ကုန်ထုတ် စွမ်းအား၊ ယှဉ်ပြိုင်နိုင်စွမ်းအားတို့နှင့် စပ်လျဉ်းသော ထပ်ဆင့်ရလဒ်များ ပြည့်မီစေရေးအတွက် ထပ်ဆင့်ရလဒ်တစ်ခုချင်းစီနှင့် သက်ဆိုင်သော ချက်ချင်းရလဒ်အချို့ ထွက်ပေါ်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါ သည်(နောက်ဆက်တွဲကို ကြည့်ပါရန်)။ အဆိုပါချက်ချင်းရလဒ်များသည် ခက်ခဲရှုပ်ထွေးမှု၊ အရင်းအမြစ်များချို့တဲ့မှု၊ လိုအပ်သော အချိန်ကာလအတိုင်းအတာတို့ပေါ် မူတည်ကာ အမျိုးမျိုးကွဲပြားမှု ရှိပါသည်။ ချက်ချင်းရလဒ်များတွင် မူဝါဒဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်မှုများ ရောနှောပါဝင်ပြီး လုပ်ဆောင်ချက်များ၊ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများစာရင်းတွင် အသေးစိတ်ဖော်ပြထားပါသည်။ ချက်ချင်းရလဒ်အများစု၏ အောင်မြင်မှုသည် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ ထိန်းချုပ်မှုအောက်တွင် ရှိနေပါသည်။ သို့သော် အချို့နေရာများ တွင် အခြားအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပေါင်းစပ်ညှိနှိုင်းမှုများ လိုအပ်မည်ဖြစ်ပါသည်။ သို့သော် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ADS အောင်မြင်ရေးအတွက် အဓိက ဆက်စပ်ပတ်သက်သူများ (ဦးစွာ လယ်သမားများ နှင့် ပုဂ္ဂလိက ကဏ္ဍ) ၏ ပါဝင် ဆောင်ရွက်မှုသည် အရေးကြီးပါသည်။

**လုပ်ဆောင်ရမည့်လုပ်ငန်းများ။** စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ ADS ကို အောင်မြင်စွာ အကောင်အထည်ဖော် နိုင်ရန်အတွက် အစိုးရသည် လယ်သမားများ၊ ပုဂ္ဂလိက ကဏ္ဍ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပါဝင်ဆောင်ရွက်မှုနှင့်အတူ ချက်ချင်းရလဒ် တစ်ခုချင်းစီ ပြည့်မီရေးအတွက် လုပ်ငန်းရပ်များစွာ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ထိုလုပ်ငန်းတာဝန်များတွင် ပြည်ထောင်စုအဆင့်နှင့် ဒေသန္တရအဆင့် (ပြည်နယ်များ/တိုင်းဒေသကြီး များ၊ မြို့နယ်များနှင့် ကျေးရွာအုပ်စုများ) နှစ်ဆင့်စလုံးရှိ ထိရောက်၍ ပေါင်းစည်းမှုရှိသော စီမံကိန်းရေးဆွဲမှု၊ မူဝါဒဆန်းစစ် လေ့လာမှု၊ မူဝါဒရေးဆွဲမှုနှင့် ပြန်လည်သုံးသပ်မှု၊ စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်စစ်ဆေးခြင်း၊ သက်သေအထောက် အထားအခြေခံသော ဆုံးဖြတ်ချက်ချမှတ်မှုများအတွက် ခိုင်မာသောစာရင်းအင်းနှင့် အချက်အလက်စုဆောင်း ကောက်ယူသည့် စနစ်၊ အရေးကြီးသော စိုက်ပျိုးရေးဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း (ဥပမာ သုတေသနနှင့် တိုးချဲ့ ပညာပေး ဝန်ဆောင်မှု၊ ဆည်ရေသွင်းခြင်း၊ တိရစ္ဆာန်ကျန်းမာရေးစောင့်ကြည့်လေ့လာမှုနှင့် ကူသစောင့်ရှောက်မှု)တို့ ပါဝင်ပါသည်။

## (င) စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာADS အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ADS အား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍမှ အဖွဲ့အစည်းအမျိုးမျိုး၊ လယ်သမား အဖွဲ့များ၊ သမဝါယမအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ စုပေါင်းအားထုတ် ဆောင်ရွက်မှုများ လိုအပ်ပါသည်။ ADS အား လက်ရှိ အစိုးရဖွဲ့စည်းပုံများတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။ ADS ကို အကောင်အထည် ဖော်ရန် အတွက် ခက်ခဲရှုပ်ထွေးမှု၊ အဖွဲ့အစည်းပေါင်းစုံ လိုအပ်မှုများကြောင့်

လက်ရှိအဖွဲ့အစည်းများအား စီမံကိန်းရေးဆွဲမှု၊ ပေါင်းစပ်ညှိနှိုင်းမှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စောင့်ကြည့်လေ့လာမှုတို့တွင် ကူညီပံ့ပိုးပေးရန်အတွက် အဖွဲ့အစည်းများ အားကောင်းလာစေရေး လုပ်ငန်းအဆင့်ဆင့်ကိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အမျိုးသားစီးပွားရေးပေါင်းစပ်ညှိနှိုင်းမှုကော်မတီ (National Economic Coordination Committee - NECC) သည် မူဝါဒနှင့် စီမံကိန်းရေးဆွဲမှုဆိုင်ရာ အလုံးစုံပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး လုပ်ငန်းအကောင်အထည်ဖော်မှုတွင် စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန က ဦးဆောင်သွားမည် ဖြစ်ပါသည်။

## (စ) ရင်းနှီးမြှုပ်နှံမှုစီမံကိန်း

ADS အတွက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအား ပြည်သူ့အသုံးစရိတ် ပြန်လည်ဆန်းစစ်မှုများနှင့် သုံးသပ်မှုများ၊ ကာလလယ်အသုံးစရိတ်မူဘောင်၊ ADS အောက်ရှိလုပ်ဆောင်ရမည့်လုပ်ငန်းများနှင့် ဦးစားပေးကိစ္စရပ်များပေါ်တွင် အခြေခံကာ ရေးဆွဲထားပါသည်။ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွင် ယခင်က ဘတ်ဂျက်များနှင့်နှိုင်းယှဉ်လျှင် အဓိကပြောင်းလဲမှုနှစ်ခုကို အလေးပေးဖော်ပြထားပါသည်။ ပထမပြောင်းလဲမှုမှာ ဘတ်ဂျက်သုံးစွဲမှုတွင် ဆည်မြောင်းတာတမံအခြေခံအဆောက်အအုံများနှင့် စိုက်ပျိုးရေးဆိုင်ရာ စက်ယန္တရားများ တပ်ဆင်မှုအတွက် ကုန်ကျမည့် ဘတ်ဂျက်များအစား သုတေသန၊ တိုးချဲ့ပညာပေးဝန်ဆောင်မှု၊ မြေယာလုပ်ပိုင်ခွင့်၊ တန်ဖိုးကွင်းဆက်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဲ့သို့သော အလွန်အရေးကြီးသည့် လုပ်ငန်းတာဝန်များအတွက်လည်း လုံလောက်သော အရင်းအမြစ်များ ရှိအောင်လုပ်ဆောင်ရန် ဖြစ်ပါသည်။ ဒုတိယပြောင်းလဲမှုမှာသုံးစွဲမည့် ဘတ်ဂျက် ပမာဏတစ်ခုလုံးနှင့်သက်ဆိုင်ပြီး ကာလလတ်အတွင်း ရန်ပုံငွေရရှိနိုင်မှုနှင့် ချိတ်ဆက်ကာ လတ်တလောထားရှိသော မျှော်မှန်းချက်များနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်ထားပါသည်။

ဇယား ၁ - မဏ္ဍိုင်အလိုက် ADS ရင်းနှီးမြှုပ်နှံမှုစီမံကိန်း လျာထားချက်အနှစ်ချုပ်

| မဏ္ဍိုင် | မဏ္ဍိုင်အလိုက် ADS ရင်းနှီးမြှုပ်နှံမှု - ကျပ်သန်းပေါင်း | | | | | | |
|---|---|---|---|---|---|---|---|
| | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | စုစုပေါင်း | % |
| မဏ္ဍိုင် ၁ - ကောင်းမွန် သော စီမံ အုပ်ချုပ်ရေး | ၃၅,၂၁၀ | ၆၂,၃၅၁ | ၇၅,၇၄၄ | ၇၃,၂၆၅ | ၅၉,၁၂၅ | ၃၀၅,၆၉၅ | ၁၀.၈% |
| မဏ္ဍိုင် ၂ - ကုန်ထုတ် စွမ်းအား | ၂၂၆,၃၈၈ | ၃၁၁,၂၆၄ | ၃၅၀,၄၄၀ | ၃၅၁,၇၈၁ | ၃၅၆,၂၅၅ | ၁,၅၉၆,၁၂၆ | ၅၆.၅% |
| မဏ္ဍိုင် ၃ - ယှဉ်ပြိုင်နိုင် စွမ်းအား | ၁၅၈,၃၂၁ | ၁၇၆,၃၄၆ | ၁၉၂,၈၀၆ | ၂၀၃,၇၄၇ | ၁၉၂,၃၁၉ | ၉၂၃,၅၄၁ | ၃၂.၇% |
| စုစုပေါင်း- ရင်းနှီးမြှုပ်နှံမှု စီမံကိန်း | ၄၁၉,၉၁၉ | ၅၄၉,၉၆၁ | ၆၁၈,၉၉၀ | ၆၂၈,၇၉၃ | ၆၀၇,၆၉၉ | ၂,၈၂၅,၃၆၂ | ၁၀၀.၀% |

ဆည်ရေသွင်းခြင်းနှင့် ရေအရင်းအမြစ်များ၊ သီးနှံစိုက်ပျိုးရေး မွေးမြူရေးနှင့်ရေလုပ်ငန်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအလေ့အကျင့်ကောင်းများ၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေး ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းတို့အတွက် သုတေသန၊ တိုးချဲ့ပညာပေးဝန်ဆောင်မှုနှင့် သီးခြားအစီအစဉ်များအတွက် ရင်းနှီးမြှုပ်နှံရမည့် ပမာဏမှာ ကြီးမားသည့်အားလျော်စွာ ကုန်ထုတ်စွမ်းအား မဏ္ဍိုင်အတွက် အရင်းအမြစ်အများစုကို သုံးစွဲသွားမည်ဖြစ်ပါသည် (စုစုပေါင်း၏ ၅၆%ခန့်)။ ယှဉ်ပြိုင်မှုမဏ္ဍိုင်သည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၃၃% ခန့်ကို သုံးစွဲမည်ဖြစ်ပြီး ကျေးလက်အခြေခံအဆောက်အအုံ၊ ရပ်ရွာလူထုဖွံ့ဖြိုးတိုးတက်မှု၊ တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေး၊ အစားအစာဘေးကင်းမှု၊ လယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများ၏ ဆန်းသစ်တီထွင်များအတွက် ဦးတည်သုံးစွဲမည်ဖြစ်ပါသည်။ ကောင်းမွန်သော စီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ မဏ္ဍိုင်တွင် စုစုပေါင်း၏ ၁၁%ကို သုံးစွဲသွားပါမည်။ သုံးစွဲမည့်

ပမာဏမှာ အခြားမဏ္ဍိုင်များနှင့်စာလျှင် ပိုမိုနည်းပါးသော်လည်း ADS ၏ အောင်မြင်မှုတစ်ခုလုံးအတွက် ဤရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုသည် ကြီးမားပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် ကောင်းမွန်သော စီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ်၏ အခြေခံလိုအပ်ချက်များ (စီမံကိန်းရေးဆွဲခြင်း၊ ပေါင်းစပ် ညှိနှိုင်းခြင်း၊ ပါဝင်ဆောင်ရွက်ခြင်း၊ ဆက်သွယ်ခြင်း၊ မူဝါဒရေးဆွဲခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်အကဲဖြတ်ခြင်း၊ စာရင်းအင်းများ) ကိုဖြည့်ဆည်းပေးနိုင်ပြီး မြေယာကိစ္စရပ်များ၊ လတ်တလောစားနပ်ရိက္ခာမဖူလုံမှုများ၊ အဖွဲ့အစည်း ဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရာတွင် တိုးတက်မှုများ ရရှိစေနိုင်သောကြောင့် ဖြစ်ပါသည်။

ADS ၏ ရည်ရွယ်ချက်များ၊ မဏ္ဍိုင်များ၊ စိုက်ပျိုးရေးအတွက် ပြည်သူ့အသုံးစရိတ်ပြန်လည်ဆန်းစစ်မှု (ကမ္ဘာ့ဘဏ်နှင့် LIFT၊ ၂၀၁၇) မှ တွေ့ရှိချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံမှုများကို ခွဲဝေချထားခြင်း ဖြစ်ပါသည်။ အထူးသဖြင့် အောက်ပါအချက်များကို အခြေခံပါသည်-

- စိုက်ပျိုးရေးသုတေသနလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အကျိုးအမြတ်ပြန်လည်ရရှိမှုနှုန်း အလွန်မြင့်မားပြီး ကုန်ထုတ်စွမ်းအား နှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။
- ပိုမိုတိုးတက်ကောင်းမွန်ပြီး ပတ်ဝန်းကျင်ကိုမထိခိုက်စေသည့် နည်းပညာများနှင့် ကောင်းမွန်သော အလေ့အထများကို လယ်သမားများ လက်ခံကျင့်သုံးရေးတွင် တိုးချဲ့ပညာပေးဝန်ဆောင်မှုသည် အဓိကအခန်း ကဏ္ဍမှ ပါဝင်ပါသည်။
- မွေးမြူရေးနှင့် ရေလုပ်ငန်းသည် လျှင်မြန်စွာ တိုးတက်ဖွံ့ဖြိုးနေသော်လည်း လုံလောက်သော အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှု၊ သုတေသနနှင့် တိုးချဲ့ပညာပေးဝန်ဆောင်မှုအစီအစဉ်များ မရှိပါ။
- ဝန်ကြီးဌာနသုံးခုအား တစ်ခုတည်းအဖြစ် ပေါင်းစည်းလိုက်ခြင်း၊ စိုက်၊မွေး၊ဆည်ဝန်ကြီးဌာန အတွင်းတွင် သာမက ပြင်ပအဖွဲ့အစည်း များနှင့် ပေါင်းစပ်ညှိနှိုင်းရမှု၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် စီမံကိန်းရေးဆွဲမှုများကို ပြည်ထောင်စု အဆင့်စီမံကိန်း ရေးဆွဲမှုနှင့် ပေါင်းစပ်ညှိနှိုင်းရမှု၊ အခြားအဖွဲ့အစည်းများ၊ အကျိုးဆက်စပ်သူများနှင့် ပေါင်းစပ်ညှိနှိုင်းရမှု (အထူးသဖြင့် တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးမှုအတွက်လိုအပ်သော နယ်ပယ်များတွင်) ကဲ့သို့သော စိန်ခေါ် မှုအသစ်များ ပေါ်ထွက်လာသည့်တိုင် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန အတွင်းတွင် စီမံကိန်း စိစစ်သုံးသပ်ရေးဆွဲမှုသည် လျစ်လျူရှုထားခြင်းခံရသော နယ်ပယ်တစ်ခုဖြစ်ပါသည်။
- မြေယာကိစ္စရပ်များကို ဖြေရှင်းပေးရန် အရေးတကြီးလိုအပ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ဤနယ်ပယ်တွင် တိုးတက်မှုများ ရရှိရန် မျှော်လင့်ချက်များမှာ အလွန်မြင့်မားနေသောကြောင့် ဖြစ်ပါသည်။
- ဆုံးဖြတ်ချက်ချမှတ်မှုများ တိုးတက်ကောင်းမွန်လာစေရေးအတွက် ယုံကြည်စိတ်ချရသောအခြေခံကို ရရှိစေရန် အလို့ငှာ စာရင်းအင်း နှင့် သတင်းအချက်အလက်လက်လှမ်းမီမှုများ တိုးတက်လာဖို့ လိုအပ်နေပါသည်။
- လယ်သမားများသည် ပုဂ္ဂလိက ကဏ္ဍနှင့် အကျိုးရှိစွာ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်၊ ထုတ်ကုန်များကို ထုတ်လုပ် ရောင်းချနိုင်ရန်၊ သွင်းအားစုများကို ပိုမိုလက်လှမ်းမီရရှိနိုင်ရန်အတွက် သမဝါယမအသင်းများအပါအဝင် လယ်သမားအဖွဲ့အစည်းများကို ပိုမို အားကောင်းအောင် လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။
- အသေးစားစိုက်ပျိုးရေးလုပ်ငန်းများသည် ကျေးလက်ဒေသတွင် စိုက်ပျိုးရေးမဟုတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများကို ပေးနိုင်ပြီး စိုက်ပျိုးရေးကဏ္ဍ၏ ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းတို့ တိုးတက်စေရန်အတွက် အထောက်အကူပြုပါသည်။

ADS အကောင်အထည်ဖော်မှုစီမံကိန်း၏ ဆန်းသစ်တီထွင်မှုတစ်ခုမှာ တန်ဖိုးကွင်းဆက် တည်ဆောက်မှု၊ တန်ဖိုးကွင်းဆက် အခြေခံအဆောက်အအုံများ၊ ဈေးကွက်သတင်းအချက်အလက်များနှင့် သယ်ယူထောက်ပံ့ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသော လုပ်ငန်းများအတွက် အရင်းအမြစ်များ ခွဲဝေချထားပေးခြင်း ဖြစ်ပါသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုများသည် စိုက်ပျိုး စီးပွားလုပ်ငန်းများနှင့် စိုက်ပျိုးစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်အရေးကြီးသော ဆောင်ရွက်ချက်များ ဖြစ်ပါသည်။ ထိုကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုမျိုးမရှိပါက လုပ်ကွက် ငယ်တောင်သူလယ်သမားများကို ထိရောက်သော တန်ဖိုးကွင်းဆက်အတွင်းသို့ ပေါင်းစည်းထည့်သွင်းပေးမှုသည် ပိုမိုနှေးကွေးကာ ပိုမိုခက်ခဲ သည့်အတွက် ADS ၏ မျှော်မှန်းရလဒ် ၃ (ယှဉ်ပြိုင်နိုင်စွမ်းအား) ပြည့်မီရေးသည် မရေမရာဖြစ်သွားနိုင်ပါသည်။ သို့သော်ပြဿနာမှာ ADS

တွင် အဆိုပြုထားသော ဆောင်ရွက်ချက်များသည် တန်ဖိုးကွင်းဆက်တည်ဆောက်မှု၊ လုပ်ကွက်ငယ်တောင်သူများကို တန်ဖိုးကွင်းဆက်အတွင်းသို့ ပေါင်းစပ်ထည့်သွင်းပေးမှုတို့အတွက် အရေးကြီးကြောင်း အလွယ်တကူသိရှိ အသိအမှတ်ပြုနိုင်သော်လည်း ထိုကဲ့သို့သော လုပ်ငန်း အမျိုးအစားများကို တာဝန်ဆောင်ရွက်မည့် ဌာနခွဲတစ်ခုသည် လက်ရှိ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအတွင်းတွင် ရှိမနေခြင်းပင် ဖြစ်ပါသည်။ ထိုအကြောင်းကြောင့် ADS သည် တန်ဖိုးမြှင့်စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး နှင့် ဈေးကွက်ဖော်ဆောင်ရေး ဦးစီးဌာနတစ်ခု တည်ထောင်နိုင်ရန်နှင့် ယင်းအား ဝန်ကြီးရုံးမှ တိုက်ရိုက်တာဝန်ဆောင်ရွက်မည့် ပြန်လည်ဖွဲ့စည်းမှုတွင် အဓိကကျသော ဆုံးဖြတ်ချက်တစ်ခုအဖြစ် ချမှတ်ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားပါသည်။

## (ဆ) အဓိကရလဒ်များ

ADS ကို အကောင်အထည်ဖော်ရာ၌ မဏ္ဍိုင်တစ်ခုချင်းစီအောက်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ ရှိပါသည်။ အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီများအား မည်သည်ကို စူးစိုက်လုပ်ဆောင်ရမည်ဆိုသည်ကို လမ်းညွှန်ပေးရန်အတွက် မဟာဗျူဟာမဏ္ဍိုင်တစ်ခုချင်းစီအောက်၌ အဓိကရလဒ်များကို သတ်မှတ်ပေးထားမည်ဆိုလျှင် အထောက်အကူဖြစ်ပါလိမ့်မည်။ အဓိကရလဒ် များသည် ADS ၏ အောင်မြင်ရေးအတွက် သေချာပေါက် ဦးတည်ဆောင်ရွက်ရမည့် ရလဒ်များဖြစ်ပါသည်။ အဓိကရလဒ်များသည် မည်သည့်ပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးနှင့် မည်သည့်စောင့်ကြည့်လေ့လာမှုအစီရင်ခံစာတွင်မဆို အခြားမည်သည့်ကိစ္စရပ်ကိုမျှ ကိုင်တွယ်ဖြေရှင်းခြင်းမပြုမီ ဦးစားပေး ကိုင်တွယ်ဖြေရှင်းသင့်သည့် ကိစ္စရပ်များလည်း ဖြစ်ပါသည်။

ဇယား ၂ - ADS ၏ အဓိကရလဒ်များ

| စဉ် | မဏ္ဍိုင် ၁ -ကောင်းမွန်သောစီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ် အောက်ရှိ အဓိကရလဒ်များ | မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား အောက်ရှိ အဓိကရလဒ်များ | မဏ္ဍိုင် ၃ - ယှဉ်ပြိုင်နိုင်စွမ်းအား အောက်ရှိ အဓိကရလဒ်များ |
|---|---|---|---|
| ၁။ | ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်နှစ်ခုစလုံးတွင် လူထု ပါဝင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များပေါ်တွင်အခြေခံသော ထိရောက်သည့် ပေါင်းစပ်စီမံကိန်း ရေးဆွဲမှုများ | စိုက်ပျိုးရေးသုတေသန - ကောက်ပဲ သီးနှံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းအတွက် ပိုမိုကောင်းမွန်သော သုတေသနစနစ် | ဦးစားပေး သတ်မှတ်ထားသော တန်ဖိုးကွင်းဆက် ၇ ခုတွင် ယှဉ်ပြိုင်မှုများ တိုးပွားလာခြင်း |
| ၂။ | အချိန်မီထိရောက်သော စောင့်ကြည့်လေ့ လာမှုနှင့် ပြန်လည်သုံးသပ်အကဲဖြတ်မှုများ | စိုက်ပျိုးရေးတိုးချဲ့ပညာပေး ဝန်ဆောင်မှု - ပိုမို ကောင်းမွန်သော (ကောက်ပဲသီးနှံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း) ထုတ်ကုန် များ၊ ကျင့်သုံးရန်နှင့် လိုက်လျောညီထွေ ဖြစ်စေရေး နည်းပညာများကို ရရှိစေသည့် စိုက်ပျိုးရေးတိုးချဲ့ပညာပေး ဝန်ဆောင်မှုစနစ် | စားသောက်ကုန်များ၏ အရည်အသွေးနှင့် ဘေးကင်းမှု တိုးတက်လာခြင်း၊ စားနပ်ရိက္ခာနှင့်အာဟာရ ပြည့်ဝဖူလုံမှု တိုးတက် လာခြင်း |
| ၃။ | လယ်သမားများ၏ မြေရပိုင်ခွင့်များ ခိုင်မာလာခြင်းနှင့် စိုက်ပျိုးမြေနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များ မြင့်တက်လာခြင်း | ဆည်ရေသွင်းခြင်းနှင့် ရေအသုံးချခြင်း - ပိုမိုစွမ်းဆောင်ရည် ပြည့်ဝ၍ ရေရှည် သုံးစွဲနိုင်သည့် ဆည်ရေသွင်းခြင်းနှင့် ရေအသုံးချမှု စနစ်များ | စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တိုးချဲ့ဆောင်ရွက်သော ရပ်ရွာနှင့် ကျေးလက်လူထု ဖွံ့ဖြိုးမှုအစီအစဉ်များ |

## (ဇ) အချိန်တိုတွင်း ရရှိနိုင်သည့် အောင်မြင်မှုများ

ADS ကို အကောင်အထည်ဖော်သည့် ပထမနှစ်တွင် စိုက်၊မွေး၊ဆည်ဝန်ကြီးဌာန အတွင်းအပြင်မှ ADS အားထောက်ခံ အားပေးကူညီမှုများ ကျယ်ကျယ်ပြန့်ပြန့်ရရှိရန် အရေးကြီးပါသည်။ ထိုကဲ့သို့သော အားပေးကူညီမှုမျိုး ရရှိစေရန် အတွက် ဆောင်ရွက်ပြီးစီးသော၊ အနာဂတ်တွင် ဆောင်ရွက်ရန်ရှိသော တိုင်ပင်ဆွေးနွေးမှုများ အပြင် စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာနသည် ဦးတည်ချက်အသစ်ဖြင့် စတင်ခရီးနှင်နေပြီဖြစ်ပြီး အကျိုးဆက်စပ်သူများ၏ ယုံကြည်စိတ်ချမှုကို ရရှိစေမည့် အချိန်တိုအတွင်း သိသာထင်ရှားသည့် အောင်မြင်မှုအချို့ (quick wins) ရရှိရန် လိုအပ်ပါသည်။ မဏ္ဍိုင် တစ်ခုစီအောက်တွင် ပထမတစ်နှစ်အတွင်း အကောင်အထည်ဖော်ရမည့် quick win အချို့ကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

ဇယား ၃ - ADS ကို အကောင်အထည်ဖော်သည့် ပထမတစ်နှစ်အတွင်းတွင် ပြည့်မြောက်ရမည့် Quick Win များ

| စဉ် | မဏ္ဍိုင် ၁ - ကောင်းမွန်သော စီမံအုပ်ချုပ်ရေး လုပ်ငန်းစဉ် အောက်ရှိ Quick Win များ | မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား အောက်ရှိ Quick Win များ | မဏ္ဍိုင် ၃ - ယှဉ်ပြိုင်နိုင်စွမ်းအား အောက်ရှိ Quick Win များ |
|---|---|---|---|
| ၁။ | အနည်းဆုံး ရွှေ့ပြောင်းစမ်းသပ်ဆောင် ရွက်သည့် မြို့နယ် ၂ မြို့နယ်တွင် မြေယာကိစ္စအများစုကိုကိုင်တွယ် ဖြေရှင်းပြီး ဖြစ်ကြောင်း သေချာ စေခြင်း | သုတေသနအတွက် မဟာစီမံကိန်း အား အပြီးသတ် ရေးဆွဲခြင်း | အနည်းဆုံး ဦးစားပေး တန်ဖိုးကွင်းဆက် ၂ ခုအတွက် အမျိုးသားအဆင့် တန်ဖိုး ကွင်းဆက်အစီအစဉ်တစ်ခု ရေးဆွဲခြင်း |
| ၂။ | M&E စောင့်ကြည့်၊ထိမ်းကျောင်း စနစ်ကို တည်ထောင်ပြီး အစီရင်ခံစာများကို လူတိုင်း လက်လှမ်းမီအောင် ဆောင်ရွက် ပေးထားခြင်း | ဘာသာရပ်မျိုးစုံ ပါဝင်သည့်သုတေသန ရန်ပုံငွေ တစ်ခု တည်ထောင်ခြင်း | ဆန်းသစ်တီထွင်သော စိုက်ပျိုးစီးပွား လုပ်ငန်းသစ်များ တိုးတက်လာရေး ကူညီထောက်ပံ့ပေးရန်အတွက် စိုက်ပျိုး စီးပွားရေး အလေ့အထ ပျိုးထောင်ပေးမှု အစီအစဉ်တစ်ခု (Agribusiness Incubator) ချမှတ်ဆောင်ရွက်ခြင်း |
| ၃။ | မြန်မာနိုင်ငံစိုက်ပျိုးရေး ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်သစ်တောသိပ္ပံ ပညာရပ်များ ဆိုင်ရာ အကယ်ဒမီ ပြန်လည်ဖွဲ့စည်း ရှင်သန်စေခြင်း၊ စောင့်ကြည့် လေ့လာမှုနှင့် သုံးသပ် အကဲဖြတ်မှုများ အားကောင်းလာစေခြင်း | တိုးချဲ့ပညာပေးဝန်ဆောင်မှုများ အတွက် မူဝါဒ၊ လုပ်ထုံးလုပ်နည်း နှင့် စည်းမျဉ်းစည်းကမ်း များကို အပြီးသတ်ချမှတ်ခြင်း | စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန အတွင်းတွင် တန်ဖိုးမြှင့် စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး နှင့် ဈေးကွက်ဖော်ဆောင်ရေး ဦးစီးဌာနတည်ထောင်ခြင်း |

| | | | |
|---|---|---|---|
| ၄။ | ဝန်ထမ်းများကို စွမ်းရည်မြှင့်ပေးနိုင်ရန် ဗဟိုစိုက်ပျိုးရေးဖွံ့ဖြိုးမှု သင်တန်းကျောင်း၊ ( လှည်းကူး) ၏ စွမ်းဆောင်ရည်တိုးမြှင့်ခြင်း သင်ကြားမှု အစီအစဉ်များ အားကောင်း စေခြင်းဖြင့် အလှူရှင်များရန်ပုံငွေ ပံ့ပိုးသည့် စီမံချက်များကို လက်ခံ ဆောင်ရွက်နိုင်စွမ်း တိုးလာစေခြင်း | အနည်းဆုံး GAP စံနှုန်း ၂ခု၊ GAHP စံနှုန်း ၂ ခု၊ GFP စံနှုန်း ၂ ခုနှင့် OA စံနှုန်း ၁ ခု တို့ကို ထပ်လောင်းပြုစု၊ အတည်ပြုကာ ဖြန့်ဝေပေးခြင်း။ လွှတ်တော်သို့ အသိပေးရှင်းလင်း တင်ပြရန်အတွက် UPOV နှင့်ချိတ်ဆက်ပြီး ပြင်ဆင်ထားသော အပင်မျိုးပြားများ ကာကွယ်ရေး ဥပဒေ၊ သဘာဝရာဘာဥပဒေ၊ ကြံနှင့် သကြား အက်ဥပဒေ၊ စသည်တို့နှင့် စပ်လျဉ်းသော စိုက်ပျိုးရေးဥပဒေများကို ရေးဆွဲခြင်း၊ အတည်ပြုချက် ရယူခြင်း | မူရင်းထွက်ရှိရာနေရာဒေသကြောင့် ထူးခြားသည့် အရည်အသွေးရှိမှုကို ညွှန်ပြသည့် Geographical Indications အနည်းဆုံး ၂ ခု အတွက် ခွင့်ပြုချက်ရရှိခြင်း |
| ၅။ | | ဝန်ဆောင်မှုပေးသူ၏ လုပ်ငန်းများ၊ ယင်းနှင့် ဆက်နွယ်သော လယ်ယာ စက်ယန္တရားများကို (စက်မှုလယ်ယာ၏ စခန်းများအား ချန်လှပ်၍ ) ပုဂ္ဂလိက ကဏ္ဍ လုပ်ဆောင်သူ များထံသို့ လွှဲပြောင်းခြင်း | စိုက်ပျိုးရေး ဆန်းသစ်တီထွင်မှု ပြိုင်ပွဲများ ကျင်းပကာ ဆုများ ချီးမြှင့်ခြင်း |

## (ဈ) အွန္တရာယ်ကျရောက်နိုင်ခြေများနှင့် ဘေးအွန္တရာယ် လျော့ပါးစေရေးဆောင်ရွက်ချက်များ

ADS ကို အောင်မြင်စွာ အကောင်အထည်ဖော်ရေးတွင် တွေ့ကြုံရနိုင်သော အွန္တရာယ် ကျရောက်နိုင်ခြေများအဖြစ် သတ်မှတ်ဖော်ထုတ်ထားသည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် - သဘာဝဘေးအွန္တရာယ်များ၊ ပဋိပက္ခများ၊ အဖျက်ပိုးမွှားများနှင့် ရောဂါများ၊ ပြည်ထောင်စု အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် စီမံကိန်းများကြား တစ်ပြေးညီ မဖြစ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းမှုမရှိခြင်း၊ နယ်စပ်ကုန်သွယ်ရေး ပျက်ပြားမှုများကြောင့် ဈေးနှုန်းအပြောင်းအလဲ အလွန်များခြင်း၊ ကုန်ပစ္စည်းနှင့် စိုက်ပျိုးရေးသွင်းအားစု အရောအနှောများနှင့် အတုများကို ဖြန့်ဖြူးခြင်း၊ မြေသိမ်းမှုများ ဆက်လက်ဖြစ်ပွားကာ သိမ်းဆည်းသော မြေများအတွက် လျော်ကြေးပေးမှုများတွင် တိုးတက်မှုနည်းပါးနေခြင်း၊ O&M လုပ်ငန်းဆောင်ရွက်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် ရန်ပုံငွေမရှိခြင်းတို့ ဖြစ်ပါသည်။ သတ်မှတ်ဖော်ထုတ်ထားသော အွန္တရာယ်ဖြစ်နိုင်ခြေ တစ်ခုချင်းစီအတွက် အကြံပြုထားသော အွန္တရာယ်လျော့ပါး သက်သာစေရေး လုပ်ဆောင်ချက် အမျိုးမျိုးတွင် ဥပဒေများ တိုးတက် ကောင်းမွန်စေခြင်း၊ သက်ဆိုင်ရာ အကျိုးဆက်စပ်သူများကို စွမ်းရည်မြှင့်တင်ပေးခြင်း (ဥပမာ သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအတွက် ရပ်ရွာအခြေပြု ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း သို့မဟုတ် အစားအစာဘေးကင်းရေးနှင့် အရည်အသွေးမြင့် သွင်းအားစု များအတွက် စစ်ဆေးရေးအေဂျင်စီများ)၊ သတင်းအချက်အလက်များ မျှဝေခြင်း၊ လူထုတိုင်ပင်ဆွေးနွေးမှုများတွင် ပုဂ္ဂလိက ကဏ္ဍ၊ လယ်သမားအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့ကို ပါဝင်စေခြင်း၊ စသည်တို့ ဖြစ်ပါသည်။

# နောက်ဆက်တွဲစာတမ်း

## ထပ်ဆင့်ရလဒ်များနှင့် ချက်ချင်းရလဒ်များ

**ဇယား ၄ - ADS ၏ ထပ်ဆင့်ရလဒ်များနှင့် ချက်ချင်းရလဒ်များ**

| ထပ်ဆင့်ရလဒ် ၁ - စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ရှိသော အဖွဲ့အစည်းများ၏ ကောင်းမွန်သော စီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ် နှင့် စွမ်းဆောင်ရည် မြင့်မားလာခြင်း | ထပ်ဆင့်ရလဒ် ၂ - ကုန်ထုတ်စွမ်းအားနှင့် လယ်သမားများ၏ ဝင်ငွေ တိုးတက်လာခြင်း | ထပ်ဆင့်ရလဒ် ၃ - ဈေးကွက်ချိတ်ဆက်မှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်းအား တိုးတက်လာခြင်း |
|---|---|---|
| ချက်ချင်းရလဒ်များ | | |
| ၁-၁။ အဆင့်များအားလုံးတွင် လူထုပါဝင်ဆောင်ရွက်သည့် ထိရောက်သော ပေါင်းစပ်စီမံကိန်း ရေးဆွဲမှုများ | ၂-၁။ စိုက်ပျိုးရေးသုတေသန - ကောက်ပဲသီးနှံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းအတွက် ပိုမိုကောင်းမွန်သော သုတေသနစနစ် | ၃-၁။ ထုတ်လုပ်မှုကွင်းဆက် တစ်လျှောက်ရှိ စီးပွားရေး ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်လာခြင်း |
| ၁-၂။ မူဝါဒရေးဆွဲမှုနှင့် ဆန်းစစ်လေ့လာ မှုစွမ်းရည်၊ ဘတ်ဂျက်နှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ရေးဆွဲမှု စွမ်းရည်၊ ငွေပေး ချေမှုနှင့် သုံးစွဲမှုများတွင် တာဝန်ခံမှု နှင့်ပွင့်လင်းမြင်သာမှု၊ စသည်များ တိုးတက်လာခြင်း၊ ပိုမိုကောင်းမွန်သော ဝယ်ယူမှု အလေ့အထများ ကျင့်သုံးခြင်း၊ စိုက်၊မွေး၊ဆည်ဝန်ကြီးဌာန၏ ဦးစီးဌာနများအားလုံးတွင် အီလက်ထရောနစ်အစိုးရစနစ် ထူထောင်ခြင်း | ၂-၂။ စိုက်ပျိုးရေးတိုးချဲ့ ပညာပေး ဝန်ဆောင်မှု – ပိုမို ကောင်းမွန်သော (ကောက်ပဲသီးနှံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း) ထုတ်ကုန် များ၊ ကျင့်သုံးရန်နှင့် လိုက်လျောညီထွေ ဖြစ်စေရေး နည်းပညာများကို ရရှိစေသည့် စိုက်ပျိုးရေးတိုးချဲ့ပညာပေးဝန်ဆောင်မှု စနစ် | ၃-၂။ စိုက်ပျိုးစားသောက်ကုန် ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ တိုးတက်ကောင်းမွန်လာခြင်း |
| ၁-၃။ အချိန်မီနှင့် ထိရောက်သော စောင့်ကြည့်လေ့လာမှုနှင့် သုံးသပ်အကဲဖြတ်မှု | ၂-၃။ သုတေသနနှင့် တိုးချဲ့ပညာပေး ဝန်ဆောင်မှု တို့ ပေါင်းစပ်ညှိနှိုင်းခြင်း - လယ်သမားများနှင့် ပုဂ္ဂလိက ကဏ္ဍတို့၏ ပါဝင်ဆောင်ရွက်မှုဖြင့် သုတေသနနှင့် တိုးချဲ့ပညာပေး ဝန်ဆောင်မှုတို့ ပေါင်းစပ်ညှိနှိုင်းသည့် စနစ်များ တိုးတက်လာ စေခြင်း | ၃-၃။ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ကဏ္ဍအတွက် ဉာဏပစ္စည်းမူပိုင်ခွင့်အား ကာကွယ် စောင့်ရှောက်ပေးခြင်း |

| ထပ်ဆင့်ရလဒ် ၁ - စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ရှိသော အဖွဲ့အစည်းများ၏ ကောင်းမွန်သော စီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ် နှင့် စွမ်းဆောင်ရည် မြင့်မားလာခြင်း | ထပ်ဆင့်ရလဒ် ၂ - ကုန်ထုတ်စွမ်းအားနှင့် လယ်သမားများ၏ ဝင်ငွေ တိုးတက်လာခြင်း | ထပ်ဆင့်ရလဒ် ၃ - ဈေးကွက်ချိတ်ဆက်မှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်းအား တိုးတက်လာခြင်း |
|---|---|---|
| ချက်ချင်းရလဒ်များ | | |
| ၁-၄။ သက်သေအထောက်အထား အခြေခံသော ဆုံးဖြတ်ချက်များ အတွက် မှန်ကန်ကောင်းမွန်သည့် စာရင်းအင်းစနစ်များ | ၂-၄။ စိုက်ပျိုးရေးကဏ္ဍတွင် လုသားအရင်း အနှီး တည်ဆောက်ရန်အတွက် ထိရောက် သော ပညာပေးမှုနှင့် သင်တန်းအစီအစဉ် များ ရေးဆွဲပို့ချခြင်း | ၃-၄။ အရည်အသွေးမြင့် ကုန်ပစ္စည်းများ အတွက် ပိုမိုမြင့်မားသောဈေးနှုန်း များ ရရှိစေရန် လယ်သမားများနှင့် အစားအစာ ပြုပြင်စီမံ ထုတ်လုပ် သူများအား အထောက်အကူပြုမည့် စိတ်ချယုံကြည်ရသော အရည် အသွေး စနစ်ကို တည်ထောင်ခြင်းနှင့် အရည်အသွေးမြင့် ပစ္စည်း များ ထုတ်လုပ်ချင်လာအောင် ဆွဲဆောင်အားပေးခြင်း |
| ၁-၅။ ခိုင်မာအားကောင်းသော လယ်သမားနှင့် စက်မှုလုပ်ငန်းရှင် အသင်းအဖွဲ့များနှင့် အစည်းအရုံးများ | ၂-၅။ ဆည်ရေသွင်းခြင်းနှင့် ရေစီမံခန့်ခွဲမှု - ပိုမိုတုံ့ပြန် ဖြည့်ဆည်းမှုရှိပြီး စိတ်ချယုံကြည် ရသော ဆည်ရေသွင်းခြင်းနှင့် ရေနုတ်မြောင်း ဝန်ဆောင်မှုများ၊ ပိုမိုအလေအလွင့် နည်းပါး ထိရောက်၍ ရေရှည် ထုတ်ယူ သုံးစွဲနိုင်မည့် ရေစီမံခန့်ခွဲမှု | ၃-၅။ ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ်များ ရေးဆွဲခြင်းနှင့် အကောင် အထည် ဖော်ခြင်းအတွက် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များ ပိုမို အားကောင်းစေခြင်း |
